## မြန်မာနိုင်ငံအတွင်း သေဆုံး၊ ဖမ်းဆီးထားမှုတွေ စစ်အစိုးရပြောတာထက်ပိုများလို့ ပင်ညဲရိုး ပြော
## ၂၉ နိုဝင်ဘာ ၂၀၀၇

မြန်မာနိုင်ငံကနေ မကြာခင်ကပြန်လာသူ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးမှူးက မြန်မာစစ်အစိုးရဟာ နိုင်ငံရေးအကျဉ်းသားတွေကို သူတို့ဝန်ခံတာထက် ပိုပြီးထိန်းသိမ်းထားတယ်လို့ သူယုံကြည်ကြောင်း ပြောကြားပါတယ်။

ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူတွေကို စစ်အစိုးရက အကြမ်းဖက်နှိပ်ကွပ်ခဲ့ပြီးတဲ့နောက် ၉၃ ဦးသာ ထိန်းသိမ်းထားတယ်လို့ စစ်အစိုးရက တရားဝင် ပြောဆိုတာကို သူ့အနေနဲ့သံသယရှိကြောင်း ပေါ်လို ဆာဂျီယို ပင်ညဲရိုး က (Rhodes Island) ရုတ်ဒ် အိုင်းလန်း ပြည်နယ် ပရိုဗီးဒန့်စ် (Providence) မြို့ရှိ ဘရောင်းတက္ကသိုလ် ပရိတ်သတ်ကို ပြောကြားပါတယ်။

မစ္စတာ ပင်ညဲရိုး က သူ့ရဲ့ ၅ ရက်ကြာ အချက်အလက်ရှာဖွေရေးခရီးစဉ်အတွင်း နောက်လကျရင် ဂျနီဗာ မြို့ရှိ လူ့အခွင့်အရေးကောင်စီကို တင်ပြပါလိမ့်မယ်။

မြန်မာစစ်အစိုးရက စက်တင်ဘာလအတွင်း လူ ၁၅ ယောက်သေဆုံးပြီး ၃,၀၀၀ နီးပါးကို ဖမ်းဆီးခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့် သံတမန်တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက အရေအတွက်ဟာ စစ်အစိုးရပြောတာထက် ပိုများတယ်လို့ ပြောပါတယ်။

မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် က ဖမ်းဆီးမှုတွေရပ်ဆဲမယ်လို့ နိုဝင်ဘာလအစောပိုင်းက မြန်မာနိုင်ငံမှာရောက်ရှိနေသူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘရာဟမ် ဂမ်ဘာရီကို ပေးခဲ့လင့်ကစား ဆက်လက်ဖမ်းဆီးမှုတွေရှိနေသေးတယ်လို့ (Amnesty International) နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းကိစ္စတွေဆွေးနွေးဖို့ ဒီကနေ့ ကမ္ဘောဒီးယားနိုင်ငံကို မစ္စတာ ဂမ်ဘာရီ ရောက်ရှိမယ်လို့ ကုလမသဂ္ဂအရာရှိတွေက ပြောပါတယ်။ နောက်တနေ့ ကမ္ဘောဒီးယားနိုင်ငံကိုရောက်ရှိမယ့် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ သူတွေ့ဆုံမယ့် ကြေညာချက်ကိုတော့ ထုတ်ပြန်ခြင်းမရှိပါဘူး။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ထိုင်းနိုင်ငံကို ဒီဇင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်နေ့မှာ သွားရောက်ဖို့စီစဉ်ထားရာမှာ ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ် ချူလာနွန့် က အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ ထိုင်းနိုင်ငံကို ပထမဆုံးလာရောက်တဲ့ခရီးစဉ်အတွင်း မြန်မာ့အရေးဆွေးနွေးမှာမဟုတ်ဘူးလို့ ဗုဒ္ဓဟူးနေ့က ပြောကြားပါတယ်။

မြန်မာ့အရေးကိစ္စအစား ကုလသမဂ္ဂဌာနတွေနဲ့ ထိုင်းနိုင်ငံအကြားဆက်ဆံရေးကို ဦးစားပေး ဆွေးနွေးမှာဖြစ်တယ်လို့ မြန်မာ့အရေးကို နယူးယောက်ရှိ ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာ အပြည့်အစုံ ဆွေးနွေးခဲ့ပြီးဖြစ်တယ်လို့ ဆူရာယုဒ် က ပြောဆိုကြောင်း ထိုင်းနိုင်ငံထုတ် သည်နေရှင်း (The Nations) သတင်းစာက ဖော်ပြပါတယ်။

ကုလသမဂ္ဂဌာနချုပ် ဗုဒ္ဓဟူးနေ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာတော့ လက်ထောက်ပြောခွင့်ရက ဘန်ကီမွန်းနဲ့ ဝန်ကြီးချုပ် ဆူရာယုဒ်အကြား ဘာတွေကိုဆွေးနွေးနိုင်တယ်ဆိုတာကို ကြိုတင်ပြောဆိုဖို့မဖြစ်နိုင်သေးပေမယ့် မြန်မာနိုင်ငံအရေး ထည့်သွင်းဆွေးနွေးနိုင်တယ်ဆိုတာကိုတော့ သတင်းထောက်တွေကို ပြောကြားသွားပါတယ်။